# ဟိုတယ်/ခရီးကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ၊ စက်မှုဇုန်တည်ဆောက်ရေးကဏ္ဍ၊ အိမ်ယာအဆောက်အအုံကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံလိုသူများအား ကူညီဆောင်ရွက်ပေးခြင်း [1]

Posted on 20 September 2017

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့၌ ပြဋ္ဌာန်း ပြီးဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းသစ်များနှင့် အညီ အဆိုပြုလွှာများ၊ အတည်ပြုလျှောက်ထားလွှာများ တင်ပြကြရာတွင် အခက်အခဲမရှိစေရေးအတွက် ကော်မရှင်သို့ အဆိုပြုလွှာနှင့်

အတည်ပြုပြဋ္ဌာန်းထားသည့်ကုမ္ပဏီများ လုပ်ငန်းရှင်များအား ကော်မရှင်ရုံးအဖွဲ့မှ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ပထမပတ်မှစတင်၍ လက်ခံတွေ့ဆုံကာ လိုအပ်သည်များ ရှင်းလင်းဖြေကြားကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယနေ့ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၉ ရက်(အင်္ဂါနေ့)တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမင်း ဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှု ဌာနခွဲ(၃)မှ ညွှန်ကြားရေးမှူး ဒေါ်မစန္ဒာနှင့် အဖွဲ့တို့သည် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ နေ့လည် ၁ နာရီမှ ၂ နာရီ အချိန်ထိ ဟိုတယ်/ခရီးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ စက်မှုဇုန်တည်ဆောက်ရေးကဏ္ဍ၊ အိမ်ယာအဆောက်အအုံကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍ များနှင့် စပ်လျဉ်းသည့် ကုမ္ပဏီ (၃)ခုမှ သိရှိလိုသည်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများကို ရှင်းလင်းဖြေကြား ကူညီ ဆောင်ရွက်ပေးခဲ့ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative